ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပုံစံ (မနသ-၂)
စာအမှတ် ၁၀၃၃
ရက်စွဲ ၂၂.၁၂.၂၀၁၆
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့် အမှတ်၊ မနသ- ၁၂၂၇ / ၂၀၁၆။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂(ခ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်-

(က) **ရင်းနှီးမြှုပ်နှံသူ၏အမည်** ဦးဟန်ပိုင်

(ခ) **အဘ အမည်** ဦးဘသန်း

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၁၂ / သဃက (နိုင်) ဝ၂၂၇ဝ၃

(ဃ) **နေရပ်လိပ်စာ** အမှတ် - ၁၁၅၆၊ သင်းဝင်လမ်း၊ အမှတ် - ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့

(င) **ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း** HLAING HTUN PAING COMPANY LIMITED (လှိုင်ထွန်းပိုင် ကုမ္ပဏီလီမိတက်)

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား** B.O.T စနစ်ဖြင့်ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာနပိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊၅၊၇)၊ အကွက်အမှတ် (၂၆-ဆင်ခေါင်းအရှေ့ရပ်)ရှိ မြေဧရိယာ ၁.၇၀၇ ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ၇၅၉ သန်း (စုစုပေါင်း ကျပ် ခုနစ်ရာငါးဆယ့်ကိုးသန်းတိတိ)

(ဈ) **တည်ဆောက်မှုကာလ** ၂ နှစ်

(ည) **ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့်သက်တမ်း** ၅၀ နှစ်

20.12.16

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
စာအမှတ် ၁၀၃၃
ရက်စွဲ ၂၂.၁၂.၂၀၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၁၃၃ /၂၀၁၆ (မနသ)

၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၂၈ ရက်

၁။ မြန်မာ ကုမ္ပဏီဖြစ်သော Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင် ကုမ္ပဏီ လီမိတက်)သည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်းအရှေ့ရပ်) မြေဧရိယာ ၁.၇၀၇ ဧကတွင် B.O.T စနစ်ဖြင့် ပင်းတယဟိုတယ်အား အဆင့်တိုးမြှင့်တည်ဆောက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဟန်ပိုင်သည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတဆင့် အဆိုပြုချက်တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၁၇ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၃/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ “ခွင့်ပြုမိန့်ထုတ်ပေးရန်” ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း (၇)၊ ပုဒ်မ ၁၂(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)အား B.O.T စနစ်ဖြင့် ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ- ၁၂၂၇/၂၀၁၆ ကို ထုတ်ပေးလိုက်သည်။

၂။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)အနေဖြင့် ဤခွင့်ပြုမိန့်အရ B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၁) အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည် -

(က) ဥပဒေပုဒ်မ ၂၀(က)အရ ဝန်ဆောင်မှု လုပ်ငန်း စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်ဝင်ငွေခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်းအမှန်တကယ်အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် ခံစားပြီး တစ်ဆက်တည်း နှစ်နှစ် အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့်

ကန့်သတ်

နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်း အမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၂၀(ဇ)အရ ဝင်ငွေခွန် စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများ အပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းများ အတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှနုတ်ပယ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် တည်ဆောက်ရေး ကာလအတွင်း ဝင်ငွေရရှိပါက ထိုက်သင့်သော ဝင်ငွေခွန်ကို ပေးဆောင်ရမည်။

၄။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မူလ အဆိုပြုလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ** အဖြစ်ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၅။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြားပြုစု ထားရှိရမည်။

၆။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုပြီးဖြစ်သော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် ချုပ်ဆိုမည့် B.O.T စနစ်ဖြင့် နှစ်ရှည်မြေငှားရမ်းခြင်း သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၇။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခြင်း သက်တမ်းကာလမှာ နှစ်ရှည်မြေငှားရမ်းခြင်း စာချုပ် ချုပ်ဆိုခဲ့သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် နေ့မှ စတင်၍ ကနဦးနှစ် ၅၀ နှင့် ၁၀ နှစ် နှစ်ကြိမ် သက်တမ်းတိုးမြှင့် ဆောင်ရွက်မည် ဖြစ်သည်။ ထိုသို့စာချုပ်သက်တမ်းကာလတိုးမြှင့်ခြင်းအား ကော်မရှင်သို့တင်ပြ၍ ခွင့်ပြုချက် ရရှိပြီးမှသာ အတည်ဖြစ်သည်။

၈။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) ဘဏ်စာရင်းသို့ မြေအသုံးချမှုပရီမီယံကြေးအဖြစ် မြေဧရိယာ ၁.၇၀၇ ဧကအတွက် ကျပ် ၁၂ သန်း(ကျပ် တစ်ဆယ့်နှစ်သန်းတိတိ)အား တစ်လုံးတစ်ခဲတည်းအပြီး ပေးသွင်းရမည်။

၉။ နှစ်စဉ်မြေငှားရမ်းခအား တစ်နှစ်လျှင် ကျပ် ၃၁ သန်း (ကျပ် သုံးဆယ့်တစ်သန်းတိတိ) သို့မဟုတ် စုစုပေါင်း ဝင်ငွေ၏ (၅%) ယင်းနှစ်ရပ်အနက် များရာကို ပေးသွင်းရမည်။

၁၀။ နှစ်စဉ်ငှားရမ်းခကို (၃)နှစ်တစ်ကြိမ် နှစ်ဖက်ပြန်လည်ညှိနှိုင်းသုံးသပ် တိုးမြှင့်သတ်မှတ် ရမည်။ ငှားရမ်းခတိုးမြှင့်မည်ဆိုပါက ယင်းတိုးမြှင့်မည့်နှုန်းသည် မူလငှားရမ်းခ၏ ၁၀% ထက် မကျော်လွန်စေရ။

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)တို့ ချုပ်ဆိုမည့်မူလစာချုပ်အား ပြင်ဆင်ဖြည့်စွက်သည့် ပြင်ဆင်ချက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး၍ ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များ ပေးဆောင်ပြီးသည့်အခါ ယင်းသဘောတူစာချုပ် မိတ္တူ (၅)စောင်စီကို ဤကော်မရှင်သို့ **မပျက်မကွက်** ပေးပို့ တင်ပြရမည်။

၁၂။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)မှ ငှားရမ်းစာချုပ် သက်တမ်းကုန်ဆုံးလျှင် (သို့မဟုတ်) စာချုပ်ရပ်စဲလျှင် အခြားသဘောတူညီချက်များ မရှိပါက ရက်ပေါင်း ၃၀ အတွင်း အဆင့်မြှင့် မွမ်းမံပြင်ဆင်ခြင်းနှင့် အသစ်တိုးချဲ့ တည်ဆောက် ခြင်းတို့အတွက် အဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံငွေအဖြစ် ဖော်ပြထားသောပစ္စည်းအားလုံးကို ကောင်းမွန်သော အနေအထားအတိုင်း အဖိုးစားနားမပါဘဲ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးရမည်။

၁၃။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် အငှားချထားသည့် မြေနေရာ အဆောက်အအုံနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ပစ္စည်းကိရိယာများ အားလုံးတို့ကိုလည်းကောင်း၊ ယင်းတို့၏တစ်စိတ် တစ်ဒေသကိုလည်းကောင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း(သို့မဟုတ်) တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း စသည်တို့ကို လုံးဝမပြုလုပ်ရ။

၁၄။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ဟိုတယ်တည်ဆောက်ရေး၊ အခန်းများဖွဲ့စည်းရေးနှင့် လိုအပ်သော Facilities များ ထည့်သွင်းရေး အတွက် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့်များ ပါဝင်သော ဟိုတယ်တည်ဆောက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်နှင့် စံနှုန်းများ (Basic Requirement and Criteria)ထက် မနိမ့်ကျစေရေး အတွက် အဆိုပါ ဥပဒေအမိန့်များကို ကြိုတင် ရယူလေ့လာ၍ ဆောင်ရွက်သွားရမည်။

၁၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၆။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် လုပ်ငန်းဆောင်ရွက်ရာတွင်သက်ဆိုင်ရာဥပဒေများပြဋ္ဌာန်းပေါ်ပေါက်လာသည့်အခါ အဆိုပါဥပဒေ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန်လည်းကောင်း လိုက်နာ ဆောင်ရွက်ရမည်။

၁၇။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး(သို့မဟုတ်)

ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP)အား ပြုလုပ်ဆောင်ရွက်ပြီး၊ ယင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကော်မရှင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနတို့သို့ ပေးပို့အစီရင်ခံရမည်။

၁၈။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ဤ ခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျ ထားရှိဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ အခြားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၉။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှုလုပ်ငန်း၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် ရေသိုလှောင် ကန်၊ မီးသတ်ဆေးဘူးများကဲ့သို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု ဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြုတတ်စေရန်အတွက် သင်တန်းများ ပေးရမည်။

၂၀။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် အဆိုပြု လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေး ပြေလည်စေရန် အလေးထားဆောင်ရွက်ရမည်။ လုပ်ငန်းခွင် သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျ ရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဉ်ဆောင်ရွက်ရမည်။

၂၁။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ကနဦး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။ ထို့ပြင် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန် ပေးပို့ အစီရင်ခံရမည်။

အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ် စတင်ဆောင်ရွက်သည့် နေ့ရက်ကို စီးပွားဖြစ်စတင်ပြီး(တစ်)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၂၂။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်) ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၂၃။ Hlaing Htun Paing Company Limited (လှိုင်ထွန်းပိုင် ကုမ္ပဏီလီမိတက်)သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှချမှတ်ထားသော တည်ဆဲစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၄။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သဖြင့် မည်သည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးထားသော ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့်ပစ္စည်းများကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း မပြုရ။ အကယ်၍ အဆိုပြုလုပ်ငန်းကို နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့် လုပ်ငန်းလိုင်စင်များနှင့် ပြည်ပမှ တင်သွင်းသည့် ပစ္စည်းများကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း၊ ရောင်းချကြောင်း သက်ဆိုင်ရာမှ စစ်ဆေးတွေ့ရှိလျှင် လိုအပ်သလိုအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၃၂(င)အရ နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှထုတ်ပေးမည် မဟုတ်သော နာမည်ပျက် စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၂၅။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

20.12.16

(ကျော်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၄ /မ-၁၅၆၀ / ၂၀၁၆(၁၀၃၃)

ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၂၀ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထဲရေးဝန်ကြီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓါတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

မန်နေဂျင်းဒါရိုက်တာ၊ HLAING HTUN PAING Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း - ၀၁-၆၅၈၁၂၉ | စာအမှတ်၊ မရက- ၄/မ-၁၅၆၀/၂၀၁၆(၁၀၃၅)

ဖက်(စ်) - ၀၁-၆၅၈၁၃၇ | ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Hlaing Htun Paing Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)၏ B.O.T စနစ်ဖြင့် ပင်းတယဟိုတယ် အဆောက်အဦအား အဆင့်တိုးမြှင့်တည်ဆောက်၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပြုတင်ပြလာသည့် အောက်ဖော်ပြပါ ကုမ္ပဏီအား ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်-

ကုမ္ပဏီအမည်	လုပ်ငန်း	တည်နေရာ	ခွင့်ပြုမိန့်အမှတ်
Hlaing Htun Paing Co., Ltd. (လှိုင်ထွန်းပိုင် ကုမ္ပဏီ လီမိတက်)	B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်း အရှေ့ရပ်)	မနသ- ၁၂၂၇/၂၀၁၆ (၂၀-၁၂-၂၀၁၆)

၂။ အထက်ပါလုပ်ငန်းနှင့်ပတ်သက်၍ ကုန်သွယ်ရေးနှင့် အကောက်ခွန် ဆိုင်ရာကိစ္စများတွင် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် အဆိုပြုချက် တစ်စောင်စီအား ပူးတွဲ ပေးပို့အပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မြစန္ဒာ၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ရုံးလက်ခံ/မျှောစာတွဲ

MIC-၀၃/၂၀-၁၂/၀၆

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် HLAING HTUN PAING Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်တွင် B.O.T စနစ်ဖြင့် ပင်းတယ ဟိုတယ် အဆောက်အဦအား အဆင့်တိုးမြှင့်တည်ဆောက်၍ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်းအရှေ့ရပ်) မြေဧရိယာ ၁.၇၀၇ ဧကပေါ်ရှိ ပင်းတယဟိုတယ်အား လက်ရှိငှားရမ်းနေသော လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ပင်းတယဟိုတယ်အား အဆင့်တိုးမြှင့်တည်ဆောက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဟန်ပိုင်(မန်နေးဂျင်းဒါရိုက်တာ)မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက်တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၃/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၇)၊ ပုဒ်မ၂၀(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် Hlaing Htun Paing Co., Ltd. ၏ ဟိုတယ် အဆင့်တိုးမြှင့်တည်ဆောက်၍ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် ထုတ်ပေးမည့် **ခွင့်ပြုမိန့်**နှင့် **အမိန့်ကြော်ငြာစာ** တို့အား ဥက္ကဋ္ဌမှ လက်မှတ်ရေးထိုးပေးနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

(အောင်နိုင်ဦး)

အတွင်းရေးမှူး

ဥက္ကဋ္ဌ

၃။

20.12.16

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ
ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍
ရင်းနှီးမြှုပ်နှံလိုသူ၏ ကတိဝန်ခံချက်

၁။ ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာ ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်မှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၂။ ကော်မရှင်မှ လုပ်ငန်းတွင် အသုံးပြုရန်အတွက် တင်သွင်းခွင့်ပြုထားသည့် စက်ကိရိယာ၊ လုပ်ငန်းသုံးပစ္စည်းနှင့် ကုန်ကြမ်းများကို ကော်မရှင်မှ ခွင့်ပြုသည့် ဤအဆိုပြုလုပ်ငန်း အတွက်သာ အသုံးပြုမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

၃။ လုပ်ငန်းအတွက် တင်သွင်းရန် လိုအပ်သော စက်ပစ္စည်းများကို လုပ်ငန်းမှရရှိမည့် နိုင်ငံခြား ဝင်ငွေဖြင့်သာ ဝယ်ယူမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

၄။ ကုန်ကြမ်းနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်သော ကုန်ကြမ်းများကို ပြည်တွင်းမှသာ ဝယ်ယူအသုံးပြုမည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၅။ လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ မဖြစ်ပေါ်စေရန်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်နှင့်အညီ စနစ်တကျထားရှိ ဆောင်ရွက်ပါမည်ဟု ဝန်ခံ ကတိပြုပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါ သည်။

၇။ အဆိုပြုလုပ်ငန်းအတွက် တည်ဆောက်မည့် စက်ရုံအဆောက်အဦများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများမှ သတ်မှတ်ထားသည့် စည်းကမ်း သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

၈။ ဤအဆိုပြုလုပ်ငန်းသည် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းမဟုတ်ဘဲ "ခွင့်ပြုမိန့် ရရှိမှသာ စတင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအသစ်ဖြစ်ကြောင်း"နှင့် အဆိုပြု လုပ်ငန်း အတွက် "စက်ပစ္စည်း၊ စက်ကိရိယာအသစ်များ ဝယ်ယူတပ်ဆင် အသုံးပြုမည်ဖြစ်ကြောင်း" ဝန်ခံ ကတိပြုပါသည်။

၉။ လုပ်ငန်းခွင့်ပြုမိန့်ရရှိပြီးပါက ကနဦးလုပ်ငန်း အစီရင်ခံစာကို (၃)လအတွင်း နှင့် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို (၃)လ(၁)ကြိမ် ပုံမှန် အစီရင်ခံမည်ဖြစ်ပါကြောင်း ဝန်ခံ ကတိပြုပါသည်။

၁၀။ ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေး အတွက်လည်းကောင်း၊ အခကြေးငွေယူ၍လည်းကောင်း၊ စားသောက်ဆိုင်နှင့် ဟိုတယ်ကြီးများ၌ State Show, Fashion Show နှင့် Model Show များ ပြုလုပ်ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်၍ ထိန်းသိမ်းသွားနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းအသီးသီးမှ ညွှန်ကြားချက်များကို သိရှိလိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၁၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသလိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာ နှင့် တယ်လီဖုန်းနံပါတ်)တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၂။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးထား သည့် ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်ဆင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်း က ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့်၊ လုပ်ငန်းလိုင်စင်များနှင့် ပြည်ပမှ တင်သွင်းသည့် ပစ္စည်း များကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေး တွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း ဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၃၂(င)အရ နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေး လုပ်ငန်းစာရင်း၌ ထည့်သွင်းသည်အထိ အရေးယူခြင်းခံရမည်။

၁၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အခါအားလျော်စွာ ချမှတ်ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်းနှင့် အထက်ဖော်ပြပါ အပိုဒ်(၁)မှ အပိုဒ်(၁၃)အထိ ကတိပြုချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း/စက်ရုံအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ(၃၂)ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခံရမည်ကို သိရှိနားလည်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ဝန်ခံကတိပြုသူ

လက်မှတ် -		ကုမ္ပဏီအမည် -	
အမည် -		လိပ်စာ/ဖုန်း -	
ရာထူး -	M. D	နေ့စွဲ -	

အသိသက်သေ

လက်မှတ် -			
အမည် -		နေ့စွဲ -	
ရာထူး -			

အထွေထွေအရပ်ရပ်-၁၆
ရုံးတွင်းစာအကျဉ်းချုပ်သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ [illegible] ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် HLAING HTUN PAING Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် B.O.T စနစ်ဖြင့် ပင်းတယ ဟိုတယ် အဆောက်အဦအား တိုးမြှင့်တည်ဆောက်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ ယင်းအဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ကော်မရှင်၏ ([illegible] /၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြမည့် **အမှာစာ (မူကြမ်း)**တို့ အား ပြုစုတင်ပြအပ်ပါသည်။

(သန်းသန်းနု)
လက်ထောက်ညွှန်ကြားရေးမှူး

ဒုတိယညွှန်ကြားရေးမှူး

၂။ MIC အစည်းအဝေးသို့ တင်ပြမည့် အမှာစာ အား တင်ပြအပ်ပါ သည်။

[illegible]

ညွှန်ကြားရေးမှူး

၃။ [illegible]

[illegible]

၄။ MIC [illegible]

[illegible]

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ်သို့မဟုတ် စာကြမ်းရေးရန်အတွက်

၇။ [illegible]

[illegible]

[illegible]

15/12/16

ကုမ္ပဏီအမည် - Hlaing Htun Paing Co., Ltd.

လုပ်ငန်း - B.O.T စနစ်ဖြင့် ဟိုတယ်အဆောက်အဦအား အဆင့်တိုးမြှင့်တည်ဆောက်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခြင်း

စဥ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၂၀-၉-၂၀၁၆		
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း** (က) ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး	၂၂-၉-၂၀၁၆ ၁၇-၁၀-၂၀၁၆ ၁၁-၁၁-၂၀၁၆	၁၆-၁၁-၂၀၁၆	**၅၅ ရက်**
	(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	၂၁-၉-၂၀၁၆	၇-၁၀-၂၀၁၆	**၁၆ ရက်**
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၃၇/၂၀၁၆) သို့တင်ပြခြင်း	၃-၁၀-၂၀၁၆	-	
၄	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၃၇ /၂၀၁၆)ဆုံးဖြတ်ချက်နှင့်အညီ တင်ပြရန် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားခြင်း	၃-၁၀-၂၀၁၆	-	
၅	အဆိုပြုလွှာပြင်ဆင်ပြီး ပြန်လည်တင်ပြလာသည့်နေ့	-	၂၁-၁၁-၂၀၁၆	**၃၃ ရက်**
၆	ကုမ္ပဏီမှ အဆိုပြုလွှာအစုံ (၈)စုံပေးပို့ခြင်း	-	၂၈-၁၁-၂၀၁၆	
၇	ကော်မရှင်အစည်းအဝေးသို့ တင်ပြမည့်အကြိမ်နှင့်နေ့ရက်	-	၂၃/၂၀၁၆ (၁၇-၁၂-၂၀၁၆)	
	စုစုပေါင်းကြာမြင့်ရက်	**(၈၈)ရက်**		

ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၃)

PAT ၏ ဆွေးနွေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်မှု

စဉ်	လုပ်ငန်းအမည်	အမျိုးအစား	PAT အကြိမ်/ နေ့စွဲ	ဆွေးနွေးချက်မှပြင်ဆင်ရန်လိုအပ်ချက်	ဆောင်ရွက်ပြီးစီးမှု	အလံအမှတ်
၁။	Hlaing Htun Paing Company Limited	B. O. T စနစ်ဖြင့် ဟိုတယ်အဆောက်အဦအား အဆင့်တိုးမြှင့်တည်ဆောက်၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း	(၃၇/၂၀၁၆) ၃-၁၀-၂၀၁၆	- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှမြေဂရန် အမည်ပေါက် ရရှိရန်အတွက် ဆောင်ရွက်ရန်။	ပြင်ဆင်ပြီး	က
				- ဝန်ထမ်းခန့်ထားရာတွင် HR Manager တစ်ဦးခန့် ထားရန်။	ပြင်ဆင်ပြီး	ခ
				- ငွေကြေးအထောက်အထားတင်ပြရန်။	ပြင်ဆင်ပြီး	ဂ

ကုမ္ပဏီအမည်	-	Hlaing Htun Paing Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဌာန်	-	မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း
တည်နေရာ	-	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်း အရှေ့ရပ်) မြေဧရိယာ ၁.၇၀၇ ဧက (၆၉၀၇.၉၈၄ စတုရန်းမီတာ)
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	**ကျပ် ၇၅၉.၀၀ သန်း**
လုပ်ငန်းသက်တမ်း	-	(၅၀)နှစ်နှင့် သက်တမ်းတိုး(၁၀ နှစ် ၂ ကြိမ်)
အရင်းကြေကာလ	-	၁၀ နှစ် ၃ လ
IRR	-	၁၄.၃၃%

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	၃.၄၀၀	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	၁.၁၆၀
၃	ကုန်သွယ်လုပ်ငန်းခွန်	-	၂၆.၃၉၀
၄	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	-	
၅	ဝင်ငွေခွန်	၁၆၀.၅၃၂	၂၉၃.၃၆၃
၆	လျှပ်စစ်မီးသုံးစွဲခ	-	၂၀၉.၂၅၀
၇	လောင်စာသုံးစွဲခ	-	၈၉.၆၀၀
၈	CSR (၂ %)		၁၀.၇၈၄
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၈၁ ဦး (တစ်လလျှင် ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာကျပ် ၁၁၀၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၅၀၀၀၀၀ ဖြစ်ပါသည်။)
	စုစုပေါင်း	**၁၆၄.၉၃၂**	**၆၃၀.၅၄၇**
	Cost & Benefit	၁ :	၄

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Hlaing Htun Paing Co., Ltd. သည် B.O.T စနစ်ဖြင့် ဟိုတယ်အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် အဓိကအချက်များ

၁။	ကုမ္ပဏီအမည်/ကမကထပြုသူ	- Hlaing Htun Paing Co., Ltd. - ဦးဟန်ပိုင်(မန်နေးဂျင်းဒါရိုက်တာ)
၂။	အဖွဲ့အစည်းပုံသဏ္ဌာန်	- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု - ဦးဟန်ပိုင် ၅၀ % - ဦးတိုးကြည် ၃၀ % - ဦးကျောက်စိမ်း ၁၀ % - ဒေါ်လေးလေးမွန် ၁၀ %
၃။	လုပ်ငန်းအမျိုးအစား	- B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း
၄။	တည်နေရာ	- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယ မြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်းအရှေ့ရပ်)
	မြေဧရိယာ	- မြေဧရိယာ ၁.၇၀၇ ဧက (၆၉၀၇.၉၈၄ စတုရန်းမီတာ)
	အဆောက်အဦအကျယ်အဝန်း	- ၁၃၁၀၄ စတုရန်းပေ
၅။	မြေပိုင်ရှင်	- ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင်
	နှစ်စဉ်မြေငှားရမ်းခ	- ကျပ် ၃၁ သန်း (သို့မဟုတ်) စုစုပေါင်းဝင်ငွေ၏ ၅% ယင်းနှစ်ရပ်အနက်များရာ
	မြေငှားသက်တမ်း	- ၅၀ နှစ်
၆။	လုပ်ငန်းသက်တမ်း	- ၅၀ နှစ် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍)
	တည်ဆောက်ရေးကာလ	- ၂ နှစ်
၇။	**စုစုပေါင်းမတည်ငွေရင်း**	**ကျပ် ၇၅၉.၀၀ သန်း** **(ကျပ်သန်း)**

	မူလပမာဏ	ထပ်တိုးပမာဏ	စုစုပေါင်း
- ငွေပမာဏ	၅၁.၂၂	-	၅၁.၂၂
- စက်ပစ္စည်းကိရိယာများ	၂၁.၆၀	-	၂၁.၆၀
- အဆောက်အအုံများ(ပင်မ)	၁၁၂.၀၀	၂၉၄.၁၈	၄၀၆.၁၈
- လုပ်ငန်းသုံးပစ္စည်းများတန်ဘိုး	၁၄၈.၀၀	၁၂၀.၀၀	၂၆၈.၀၀
- မြေအသုံးချမှုပရီမီယံကြေး	-	၁ .၀၀	၁၂.၀၀
စုစုပေါင်း(ကျပ်သန်းပေါင်း)	**၃၃၂.၈၂**	**၄၂၆.၁၈**	**၇၅၉.၀၀**

၈။	ဝန်ထမ်းအင်အား (ပြည်တွင်း)	- **၈၁ ဦး** (ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၁၀၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၅၀၀၀၀၀ ဖြစ်ပါသည်။)

၉။	၆ နှစ်မြောက်တွင် ကုမ္ပဏီ၏	
	ဝင်ငွေ	- ကျပ် ၅၂၇.၇၉၃ သန်း
	အသုံးစရိတ်	- ကျပ် ၃၆၉.၅၄၂ သန်း
	အသားတင်အမြတ်	- ကျပ် ၁၅၈.၂၅၁ သန်း
၁၀။	ဝန်ဆောင်မည့်အစီအစဉ် (ဆဌမနှစ်မြောက်)	(see table below)

အမျိုးအစား	ငှားရမ်းသည့်အခန်း			ဝန်ဆောင်ခနှုန်း (တစ်ခန်း/တစ်ရက်လျှင်)	
	မူလအခန်း	ထပ်တိုးအခန်း	စုစုပေါင်း	(ကျပ်)	(US $)
Deluxe Room	၁၀	၄	၁၄	၃၀၀၀၀	၃၀
Superior Room	၂၂	၂၄	၄၆	၃၅၀၀၀	၃၅
စုစုပေါင်း	၃၂	၂၈	၆၀	-	-

Occupancy rate = 40%(US $), 60%(MMK)

၁၁။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ် (ဆဌမနှစ်)	-
	ဝင်ငွေခွန်	- ကျပ် ၅၂.၇၅၀ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၂၆.၃၉၀ သန်း
၁၂။	အရင်းကြေကာလ	- ၁၀ နှစ် ၃ လ
၁၃။	အရင်းအနှီးပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း(IRR)	- ၁၄.၃၃ %
၁၄။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၃၆၀၀၀၀ unit/year
၁၅။	CSR	- အသားတင်အမြတ်ငွေပမာဏ၏ ၂ %
၁၆။	မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်	- နှစ်စဉ် ရေလိုအပ်ချက် ၂၆၆၄၅၀၀ ဂါလံ
၁၇။	အခြားတင်ပြချက်	- (၁၀-၁၂-၂၀၁၄)ရက်စွဲပါ ပင်းတယဟိုတယ်ငှားရမ်းခြင်းဆိုင်ရာ နှစ်ဘက်သဘောတူစာချုပ်(မူလ)အား ၁၅ နှစ်သက်တမ်းဖြင့်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး၊ ဟိုတယ်အား (၂၈)ခန်းသို့ထပ်မံ အဆင့်မြှင့်မွမ်းမံ ပြင်ဆင်၊ တိုးချဲ့တည်ဆောက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန မှတဆင့် တင်ပြထားပါသည်။ - (၇-၇-၂၀၁၆) ရက်စွဲပါ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့် အညီ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန နှင့် Hlaing Htun Paing Co., Ltd. တို့၏ ပြင်ဆင်ချုပ်ဆိုမည့် BOT စာချုပ် (မူကြမ်း) အား တင်ပြထားပါသည်။

စားပွဲတင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၄/မ-၁၅၆၀/၂၀၁၆(၁၀၇၇)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လ ၂၃ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Hlaing Htun Paing Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်တွင် B.O.T စနစ်ဖြင့် ပင်းတယဟိုတယ် အဆောက်အဦအား အဆင့်တိုးမြှင့်တည်ဆောက်၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်း အရှေ့ရပ်) မြေဧရိယာ ၁.၇၀၇ ဧကပေါ်ရှိ ပင်းတယဟိုတယ်အား လက်ရှိငှားရမ်းနေသော လှိုင်ထွန်းပိုင် ကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ပင်းတယဟိုတယ်အား အဆင့်တိုးမြှင့်တည်ဆောက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဟန်ပိုင်(မန်နေးဂျင်းဒါရိုက်တာ)မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက်တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ် အောက်တိုဘာ လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ (၃၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုသက်တမ်းကာလမှာ ကနဦး ၅၀ နှစ်၊ သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ် ဖြစ်ပြီး၊ တည်ဆောက်ရေးကာလမှာ ၂ နှစ် ဖြစ်ပါသည်။

၃။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၆ခုနှစ် ဇူလိုင် လ ၇ ရက်နေ့ ရက်စွဲပါ စာအရ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် Hlaing Htun Paing Co., Ltd. တို့အကြား ချုပ်ဆိုမည့် ပြင်ဆင်ချက်စာချုပ်(မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငှားရမ်းခြင်း သက်တမ်းကာလမှာ မူလ B.O.T စာချုပ် လက်မှတ် ရေးထိုးခဲ့သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ လ ၁၀ ရက်နေ့မှ စတင်၍ ၂၀၆၃ ခုနှစ် ဒီဇင်ဘာ လ ၁၁ ရက်နေ့ထိ ကနဦး ၅၀ နှစ် ဖြစ်သည်။ ကနဦး ငှားရမ်းခြင်းကာလ ကုန်ဆုံးသည့်အခါ ကော်မရှင် ခွင့်ပြုချက်ဖြင့် နောက်ထပ် ၁၀ နှစ် ၂ ကြိမ် ထပ်မံတိုးမြှင့် ငှားရမ်းခွင့် ရှိသည်။ **အပိုဒ်-၂**

(ခ) နှစ်စဉ်မြေငှားရမ်းခကို ကျပ် ၃၁ သန်း (ကျပ်သန်းသုံးဆယ့်တစ်တိတိ) (သို့မဟုတ်) စုစုပေါင်းဝင်ငွေ၏ ၅% ယင်းနှစ်ရပ်အနက် များရာကို ပေးသွင်းရမည်။ **အပိုဒ်-၃(က)**

(ဂ) နှစ်စဉ်မြေငှားရမ်းခကို ၃ နှစ်(သုံးနှစ်)တစ်ကြိမ် နှစ်ဖက် ပြန်လည်ညှိနှိုင်းသုံးသပ် တိုးမြှင့်သတ်မှတ်၍ သတ်မှတ်မှုပမာဏသည် နောက်ဆုံးငှားရမ်းခ၏ ၁၀ % ထက် မပိုစေရ။ **အပိုဒ်-၃(ခ)**

(ဃ) မြေအသုံးချမှု ပရီမီယံကြေးအား ကျပ် ၁၂ သန်း(ကျပ်တစ်ဆယ့်နှစ်သန်းတိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၅)ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) ဘဏ်စာရင်းသို့ အငှားချထားခြင်း ခံရသူက တစ်လုံးတစ်ခဲတည်း အပြီးပေးသွင်းရမည်။ ပေးသွင်းပြီးမှသာ ပြင်ဆင်ချက်သဘောတူစာချုပ်ကိုနှစ်ဖက်ချုပ်ဆိုရမည်။ **အပိုဒ်-၈**

၄။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းမှာ ကျပ် **၇၅၉.၀၀** သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်- **(ကျပ်သန်း)**

	မူလပမာဏ	ထပ်တိုးပမာဏ	စုစုပေါင်း
ငွေသား	၅၁.၂၂	-	၅၁.၂၂
စက်ပစ္စည်းကိရိယာများ	၂၁.၆၀	-	၂၁.၆၀
အဆောက်အအုံများ(ပင်မ)	၁၁၂.၀၀	၂၉၄.၁၈	၄၀၆.၁၈
လုပ်ငန်းသုံးပစ္စည်းများတန်ဘိုး	၁၄၈.၀၀	၁၂၀.၀၀	၂၆၈.၀၀
မြေအသုံးချမှုပရီမီယံကြေး	-	၁၂.၀၀	၁၂.၀၀
စုစုပေါင်း	**၃၃၂.၈၂**	**၄၂၆.၁၈**	**၇၅၉.၀၀**

၅။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း ၈၁ ဦး ခန့်ထားမည်ဖြစ်ပါသည်။ တစ်လလျှင် ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၁၀၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၅၀၀၀၀၀ ဖြစ်ပါသည်။

၆။ အဆိုပြုလုပ်ငန်း၏ ပုံမှန်နှစ်(၆)နှစ်မြောက်တွင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အမျိုးအစား	ငှားရမ်းသည့်အခန်း			ဝန်ဆောင်ခနှုန်း (တစ်ခန်း/တစ်ရက်လျှင်)	
		မူလ အခန်း	ထပ်တိုး အခန်း	စုစု ပေါင်း	(ကျပ်)	(US $)
၁	Deluxe Room	၁၀	၄	**၁၄**	၃၀၀၀၀	၃၀
၂	Superior Room	၂၂	၂၄	**၄၆**	၃၅၀၀၀	၃၅
စုစုပေါင်းအခန်း		**၃၂**	**၂၈**	**၆၀**	-	-

Occupancy Rate - 60 % (In US $)

Occupancy Rate - 40 % (In Kyat)

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမနှစ်)တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာတဖက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ကျပ်(သန်း)
(က)	ဝင်ငွေ	၅၂၇.၇၉၃
(ခ)	အသုံးစရိတ်	၃၆၉.၅၄၂
(ဂ)	အသားတင်အမြတ်	၁၅၈.၂၅၁

၈။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (ဆဌမနှစ်) တွင်ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂၆.၃၉၀ သန်းနှင့် ဝင်ငွေခွန် ကျပ် ၂၉၃.၁၆၃ သန်း ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၁၀ နှစ် ၃ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း IRR မှာ ၁၄.၃၃ % ဖြစ်ပါသည်။

၉။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **ရှမ်းပြည်နယ်အစိုးရအဖွဲ့** **နောက်ဆက်တွဲ-(က)**

(၁) အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းအတွက် နောင်လာမည့်မြို့ပြ စီမံကိန်းကို ထိခိုက်မှု မရှိခြင်း။

(၂) ဟိုတယ်အဆောက်အဦအား တိုးမြှင့်ဆောက်လုပ်ပြီး B.O.T စနစ်ဖြင့် ဝန်ဆောင်မည့်လုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ပင်းတယမြို့နယ်အတွင်း အလုပ်အကိုင်များ ရရှိသဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်ပါကြောင်း။

(၃) အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း။

(၄) အဆောက်အဦတိုးမြှင့်မည့်မြေနေရာသည် ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၂၆/ဆင်ခေါင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၄၅၇)၊ ဧရိယာ(၁.၇၀၇)ဧကရှိပြီး မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပင်းတယဟိုတယ် အမည်ဖြင့် ဂရန်အမှုတွဲအမှတ်(၆/၂၀၁၀)ဖြင့် နှစ် (၃၀)ဂရန် ရရှိထားပြီး ဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာဖြစ်ပါကြောင်း။

(၅) လုပ်ငန်းဆောင်ရွက်မည့် မြေနေရာသည် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု မရှိခြင်း၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်သဖြင့် ဒေသခံပြည်သူများ၏ သဘောဆန္ဒအရ ဟိုတယ်အဆင့်တိုးမြှင့် တည်ဆောက်ခြင်းအား ကန့်ကွက်ရန် မရှိပါကြောင်း။

(ခ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** **နောက်ဆက်တွဲ-(ခ)**

(၁) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်း

ကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂ %) အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP)အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်နှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။

(၃) ပြဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ကုမ္ပဏီမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံစာ တင်ပြထားပါသည်။)

၁၀။ ငွေကြေးအထောက်အထားအဖြစ် Hlaing Htun Paing Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် AYA BANK တွင် မန်နေဂျင်းဒါရိုက်တာ ဦးဟန်ပိုင် အမည်ဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာ လ ၂၁ ရက်နေ့စွဲဖြင့် လက်ကျန်ငွေ ကျပ် ၂၄၂,၃၉၈,၅၅၀.၀၀ ရှိကြောင်း တင်ပြထားပါသည်။

၁၁။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှု မရှိပါကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပွားစေရန်အတွက် ကုမ္ပဏီမှ ရေဆိုးများအား ကျန်းမာရေးအဖွဲ့အစည်းမှ သတ်မှတ်ပြဌာန်းထားသော ခေတ်မီနည်းစနစ်များ၊ နောက်ဆုံးပေါ် စက်ပစ္စည်းကိရိယာများသုံးစွဲပြီး ပတ်ဝန်းကျင်နှင့်အများပြည်သူအား အန္တရာယ်မဖြစ်စေရန် စနစ်တကျပြုလုပ်ဆောင်ရွက်ပြီးမှသာ ရေမြောင်းများအတွင်းသို့ စွန့်ပစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မီးဘေးကြိုတင်ကာကွယ်မှု အစီအစဉ်အဖြစ် တည်ဆောက်ပြီးရေဂါလံ (၉၀၀)ဆန့် Over Head Tank (၂)လုံးနှင့် ရေဂါလံ(၃၀၀၀)ဆန့် Under Ground Tank (၁)လုံးများရှိခြင်းနှင့် ခေတ်မီမီးသတ်ကာကွယ်ရေးစနစ်ဖြစ်သော အလိုအလျောက် ပေါက်ကွဲမီးငြိမ်းစေသည့် Auto Fire Ball, Sprinkler Smoke Detector များကို တပ်ဆင်အသုံးပြု၍ ဟိုတယ်ဝန်ထမ်းများအား မီးသတ်

သင်တန်းများသို့ စေလွှတ်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံဂတိပြုထားပါသည်။

၁၂။ ကုမ္ပဏီမှ CSR (Corporate Social Responsibility) အတွက် အသားတင်အမြတ်၏ ၂ % ကို သုံးစွဲရန် လျာထားပါကြောင်း တင်ပြထားပါသည်။

၁၃။ လျှပ်စစ်ဓါတ်အား အသုံးပြုမှုနှင့် စပ်လျဉ်း၍ ကိုယ်ပိုင် Generator ၆၅ KVA ဖြင့် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ **စိစစ်တင်ပြချက်**

(က) ပင်းတယ ဟိုတယ်ငှားရမ်းခြင်းဆိုင်ရာ နှစ်ဘက် သဘောတူစာချုပ်(မူလ)အားစာချုပ် လက်မှတ်ရေးထိုးသည့် (၁၀-၁၂-၂၀၁၄) ရက်နေ့မှစ၍ ၁၅ နှစ်သက်တမ်းဖြင့် ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

(ခ) မြေငှားရမ်းကာလမှာ (၇-၇-၂၀၁၆)ရက်စွဲပါ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်အရ ဖြည့်စွက်ပြင်ဆင်သည့် ပြင်ဆင်ချက် သဘောတူ စာချုပ် (မူကြမ်း)တွင် မူလ B.O.T စာချုပ်လက်မှတ် ရေးထိုးခဲ့သည့် (၁၀-၁၂-၂၀၁၄) ရက်နေ့မှ(၁၁-၁၂-၂၀၆၃)ရက်နေ့ထိ ကနဦး ၅၀ နှစ်နှင့် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် သက်တမ်းတိုးကာလ ၁၀ နှစ် ၂ ကြိမ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် တင်ပြထားခြင်းဖြစ်ပါသည်။

(ဂ) မြေငှားရမ်းခမှာ ပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း)အရ နှစ်စဉ်ငှားရမ်းခ တစ်နှစ်လျှင် ကျပ် ၃၁ သန်း (ကျပ် သုံးဆယ့်တစ်သန်းတိတိ)(သို့မဟုတ်) စုစုပေါင်း ဝင်ငွေ၏ ၅% ယင်းနှစ်ရပ်အနက်များရာကို ပေးသွင်းရန်နှင့် (၃)နှစ်တစ်ကြိမ် နှစ်ဖက် ပြန်လည်ညှိနှိုင်း သုံးသပ်တိုးမြှင့်သတ်မှတ်၍ တိုးမြှင့်သတ်မှတ်မှု ပမာဏမှာလည်း နောက်ဆုံးငှားရမ်းခ၏ ၁၀% ထက်မပိုစေရဟု ဖော်ပြထားပါသည်။ ငှားရမ်းခ သည် တစ်နှစ်အတွင်းပေးဆောင်ရမည်ဖြစ်ပြီး၊ ပျက်ကွက်ပါက တစ်နှစ်ကုန်ဆုံးပြီးသည့် နောက်တစ်ရက် မှစ၍ ဒဏ်ကြေးကောက်ခံမည် ဖြစ်ကြောင်းနှင့် ရက်လွန် ဒဏ်ကြေးမှာ တစ်ရက်လျှင် တစ်ရက်ငှားရမ်းခကျသင့်ငွေ၏ ၁% ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဃ) ယခင်ချုပ်ဆိုခဲ့ပြီးဖြစ်သော ပင်းတယဟိုတယ်ငှားရမ်းခြင်းဆိုင်ရာ နှစ်ဘက်သဘောတူစာချုပ်(မူလ)တွင် မြေအသုံးချမှုပရီမီယံကြေး မပေးသွင်းရသေးခြင်းနှင့် ယခုချုပ်ဆိုမည့် ပြင်ဆင်ချက် စာချုပ်(မူကြမ်း) အပိုဒ်(၄)တွင် မြေအသုံးချမှု ပရီမီယံကြေး ကျပ် ၁၂ သန်းအား မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန(ရုံးချုပ်) ဘဏ်စာရင်းသို့ တစ်လုံးတစ်ခဲတည်းအပြီး ပေးသွင်းရမည် ဖြစ်ကြောင်းနှင့် ထိုသို့ပေးသွင်းပြီးမှသာ ပြင်ဆင်ချက် သဘောတူစာချုပ်ကို နှစ်ဖက် ချုပ်ဆိုမည် ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(င) ကုန်သွယ်လုပ်ငန်းခွန်များအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ ဒီဇင်ဘာလ၊ ဇန်နဝါရီ လ၊ ဖေဖော်ဝါရီလနှင့် မတ်လများအတွက် ကျပ် ၈၃၀၂၄၄၄/-၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကျပ် ၂၄၇၆၄၅၀/-နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ မေလအတွက် ကျပ် ၁၄၉၈၀၀/-၊ စုစုပေါင်း ၃၄၅၆၄၉၄/- ကို ထမ်းဆောင်ပြီးကြောင်း ပြေစာများအား တင်ပြထားပါသည်။

(စ) ပင်းတယဟိုတယ်သည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း စာရင်းတွင် ၆ ခု မြောက် တင်ပြလာသည့် ဟိုတယ်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၅။ Hlaing Htun Paing Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)မှ ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်းအရှေ့ရပ်) မြေဧရိယာ ၁.၇၀၇ ဧကပေါ်ရှိ ပင်းတယဟိုတယ်အား B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်တင်ပြခြင်းကိစ္စအပေါ် ခွင့်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊အတွင်းရေးမှူး)

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လက်ရှိငှားရမ်းဆောင်ရွက်လျက်ရှိသော ဟိုတယ်များကို ထပ်မံတိုးချဲ့ခြင်းအပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ၏ မြေငှားရမ်းခနှုန်းထားများအား နှိုင်းယှဥ်တင်ပြခြင်း

စဥ်	ကုမ္ပဏီအမည် နှင့် ခွင့်ပြုမိန့်အမှတ်	လုပ်ငန်း အမျိုးအစား	တည်နေရာ	မြေအကျယ် အဝန်း (ဧက)	တစ်နှစ် မြေငှားရမ်းခ	L.U.P	မြေငှားကာလ	ရင်းနှီး မြှုပ်နှံမှု
(၁)	Sky One Construction Co., Ltd. ၁၁၂၁/၂၀၁၆ ၁၉-၁-၂၀၁၆	B.O.T စနစ်ဖြင့် နိုင်ငံတကာ အဆင့်မီ ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း	ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့နယ်၊ ချောင်းသာကမ်းခြေ၊ မြေကွက်အမှတ်(စျ-၂)ရှိ ချောင်းသာကမ်းခြေ ဟိုတယ်	၂၂.၂၀	ကျပ် (၁၀၄၀) သန်း ကို တစ်နှစ်လျှင် (၄)ကြိမ်ခွဲ၍ ပေးသွင်းရမည်။	ကျပ် (၈၈၀) သန်းအနက် စာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှ(၁)လ အတွင်း ပထမ အကြိမ် ၅၀% အား လည်းကောင်း၊ စာချုပ် ချုပ်ဆိုပြီး (၁)နှစ်အတွင်း ၅၀% အားလည်းကောင်း နှစ်ကြိမ်ခွဲ၍ ပေးသွင်းရမည် ဖြစ်သည်။	၁၄-၁၀-၂၀၁၄ နေ့မှစတင်၍ ၅၀+၁၀+၁၀	MCIL
(၂)	Good To Go Travels & Tours Co., Ltd. ၁၁၂၂/၂၀၁၆ ၁၉-၁-၂၀၁၆	B.O.T စနစ်ဖြင့် နိုင်ငံတကာ အဆင့်မီ ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း	ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ် (ရွှေသောင်ယံ မြို့နယ်ခွဲ)၊ ချောင်းသာ ကမ်းခြေ၊ မြေကွက် အမှတ် - စျ(၃)ရှိ နယူးချောင်းသာ ဟိုတယ်	၃.၀၈	ကျပ် ၄၂၀ သန်းကို တစ်နှစ်လျှင် (၄) ကြိမ် ခွဲ၍ ပေးသွင်းရမည်။	ကျပ်(၂၁၅.၆)သန်း အနက် စာချုပ် လက်မှတ် ရေးထိုး သည့် နေ့မှ (၁)လ အတွင်း ပထမ အကြိမ် ၅၀% အား လည်းကောင်း၊ စာချုပ် ချုပ်ဆိုပြီး (၁)နှစ်အတွင်း ၅၀%အားလည်းကောင်း နှစ်ကြိမ်ခွဲ၍ပေးသွင်းရမည် ဖြစ်သည်။	၁၀-၁၁-၂၀၁၃ မှစတင်၍ ၅၀+၁၀+၁၀	MCIL
(၃)	Lighting Specialist Co., Ltd. ၁၁၆၅/၂၀၁၆ ၂၆-၃-၂၀၁၆	B.O.T စနစ်ဖြင့် နိုင်ငံ တကာ အဆင့်မီ ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း	ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလော မြို့နယ်၊ (၃)ရပ်ကွက်၊ ကျောက်တိုင်ရပ်၊ ဦးပိုင် အမှတ်(၂၀)၊ အကွက် အမှတ် ၄၄၊ ခြံအမှတ် ၈၄/Aရှိ ကလောဟိုတယ်	၆.၆၃၅	ကျပ် သန်း ၁၆၀ သို့မဟုတ် စုစုပေါင်း ဝင်ငွေ၏ ၅% အနက် များရာကို တစ်နှစ်လျှင် (၄)ကြိမ်ခွဲ၍ ပေးသွင်း ရမည်။	ကျပ် သန်း ၅၀ အား တစ်လုံး တစ်ခဲတည်း အပြီးပေးသွင်းရမည် ဖြစ်သည်။	၁၁-၁၂-၂၀၁၄ မှစတင်၍ ၅၀+၁၀+၁၀	MCIL

ရုံးတွင်းစာအကျဉ်းချုပ် ၁၆
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် HLAING HTUN PAING Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)၏ B.O.T စနစ်ဖြင့် ပင်းတယ ဟိုတယ် အဆောက်အဦအား တိုးမြှင့်တည်ဆောက်၍ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းကိစ္စ**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်း အရှေ့ရပ်) မြေဧရိယာ ၁.၇၀၇ ဧက ပေါ်ရှိ ပင်းတယဟိုတယ်အား B.O.T စနစ်ဖြင့် အဆင့်တိုးမြှင့်တည်ဆောက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဟန်ပိုင်(မန်နေးဂျင်းဒါရိုက်တာ)မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက်တင်ပြလာခြင်းအား ကျင်းပပြုလုပ်သော ကော်မရှင်၏(-၁၁-၂၀၁၆)နေ့တွင် ကျင်းပသော(/၂၀၁၆) အစည်းအဝေးမှ ခွင့်ပြုခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါကုမ္ပဏီ၏ ခွင့်ပြုမိန့်နှင့် ဆုံးဖြတ်ချက်(မူကြမ်း)တို့အား ဥပဒေရှုထောင့်မှ စိစစ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(signature)

(သန်းသန်းနု)

လက်ထောက်ညွှန်ကြားရေးမှူး

ဒု/ညွှန်ကြားရေးမှူး

၂။ Permit & Decision အား ဥပဒေရှုထောင့်မှ စိစစ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(signature) 17-11-16

(ထားထားအောင်ဦး)

ညွှန်ကြားရေးမှူး

၃။ [illegible] အား ဥပဒေရှုထောင့်မှ စိစစ်ပေးနိုင်ပါရန် ပေးပို့တင်ပြပါသည်။

(signature) 17/11/16 (မြသွာ)

NS – INV-၃

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ်သို့မဟုတ် စာကြမ်းရေးရန်အတွက်

ညွှန်ကြားရေးမှူး ([illegible])

၄။ တင်ပြ

ဦးစီးအရာရှိ

၅။ [illegible]

ဒု/ည ညွှန်ကြားရေးမှူး

၆။ BOT စနစ်ဖြင့် [illegible] Hlaing Htun Paing Co., Ltd [illegible] Capital Letter [illegible] " BOT စနစ်ဖြင့် " [illegible]

[illegible]
31/11/16

ဒု-ညွှန်ကြားရေးမှူး

၇။ [illegible]

[illegible]
31-11-2016

ညွှန်မှူး - [illegible]

၈။ [illegible]
25/11/16

DTTN-
25/11/16

၉။ [illegible]

[illegible]
25/11

ဒု/ညွှန်ကြားရေးမှူး

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ်သို့မဟုတ် စာကြမ်းရေးရန်အတွက်

[illegible]

[illegible]

၁၁။ [illegible]

[illegible]

၁၂. [illegible]

[illegible]

၁၃။ [illegible]

၁၄။ [illegible]

၁၅။ [illegible]

15.12.16

(ခင်သက်မော်)

ဒုတိယညွှန်ကြားရေးမှူး

အထွေထွေအရပ်ရပ်-၁၆

ရုံးတွင်းစာအကျဉ်းချုပ်သို့မဟုတ် စာကြမ်းရေးရန်အတွက်

ညွှန်ကြားရေးမှူး

-12-16 [illegible]

[illegible]

[illegible]

နောက်ဆက်တွဲ(က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

စာအမှတ်၊ ၁၂၅၇၃/ ၇ - ၂၁၆ / အစရ(ရှမ်း)
ရက် စွဲ ၊၂၀၁၆ခုနှစ်၊အောက်တိုဘာလ၂၈ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်လည်တင်ပြခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၂၂.၉.၂၀၁၆ရက်စွဲပါစာအမှတ်၊ ရက-၄ / မ-၁၅၆၁/၂၀၁၆(၉၀၃)

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင် တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ အကွက်အမှတ်နှင့်အမည် (၂၆/ဆင်ခေါင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၄၊ ၅ ၊ ၇)၊ မြေဧရိယာ(၁.၇၀၇)ဧကပေါ်ရှိ ပင်းတယဟိုတယ်အား လက်ရှိငှားရမ်းနေသော လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်မှ မတည်ရင်းနှီးငွေပမာဏ ကျပ် ၇၅၉ သန်းကို ရင်းနှီးမြှုပ်နှံ၍ ဟိုတယ်အဆောက်အဦအား တိုးမြှင့်တည်ဆောက်ပြီး၊ B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကနဦးနှစ်(၅၀)နှင့်တစ်ဆက်တည်း သက်တမ်းတိုးခွင့်(၁၀)နှစ် နှစ်ကြိမ်ဖြင့် နှစ်ရှည်ငှားရမ်းဆောင်ရွက်လိုပါကြောင်း ဦးဟန်ပိုင်(မန်နေဂျင်းဒါရိုက်တာ)၊ လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်မှအဆိုပြုတင်ပြလာခြင်းအပေါ် အောက်ပါအချက်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်အား ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းရှိ/မရှိ။

(ခ) မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်/မဖြစ်။

(ဂ) ဖော်ပြပါမြေနေရာတွင် လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိ/မရှိ။

(ဃ) လုပ်ငန်းဆောင်ရွက်မည့် မြေနေရာဟုတ်/မဟုတ်။

(င) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အကြံပြုချက်။

၂။ အပိုဒ်(၁)ပါ အချက်များနှင့်ပတ်သက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် တောင်ကြီးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့မှ အောက်ပါအတိုင်း စိစစ်တင်ပြလာပါသည်-

(က) အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းအတွက် နောင်လာမည့် မြို့ပြစီမံကိန်းကို ထိခိုက်မှုမရှိပါကြောင်း၊

(ခ) ဟိုတယ်အဆောက်အဦအား တိုးမြှင့် ဆောက်လုပ်ပြီး B.O.T စနစ်ဖြင့် ဝန်ဆောင်မည့် လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ပင်းတယမြို့နယ်အတွင်း အလုပ်အကိုင်များ ရရှိသဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်ပါကြောင်း၊

(ဂ) အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊

(ဃ) အဆောက်အဦ တိုးမြှင့်မည့် မြေနေရာသည် ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂၆/ ဆင်ခေါင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၄၊၅၊၇)၊ ဧရိယာ (၁.၇၀၇)ဧကရှိပြီး မြန်မာ့ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း ပင်းတယဟိုတယ်အမည်ဖြင့် ဂရန်အမှတ်တွဲအမှတ်(၆/၂၀၁၀)ဖြင့် နှစ်(၃၀)ဂရန်ရရှိထားပြီးဖြစ်သောကြောင်း လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာဖြစ်ပါကြောင်း၊

(င) လှိုင်ထွန်းပိုင်ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမည့်နေရာသည် လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်မှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုမရှိခြင်း၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းများပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်သဖြင့် ဒေသခံပြည်သူများ၏ သဘောဆန္ဒအရ ပင်းတယဟိုတယ်အဆင့်တိုးမြှင့် တည်ဆောက်ခြင်းအား ကန့်ကွက်ရန်မရှိပါကြောင်း အကြံပြုတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်သည် B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ကနဦးနှစ်(၅၀)နှင့်တစ်ဆက်တည်း သက်တမ်းတိုးခွင့်(၁၀)နှစ် နှစ်ကြိမ်ဖြင့် နှစ်ရှည်ငှားရမ်းဆောင်ရွက်လိုပါကြောင်း လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ၂၅.၁၀.၂၀၁၆ရက် တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၄-၁၀/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ်၅(န)အရ ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရလက်ခံနိုင်ခြင်းရှိပါသဖြင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကန့်ကွက်ရန် မရှိကြောင်း တင်ပြအပ်ပါသည်။

ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား)

(စိုးညွှန့်လွင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး)

မိတ္တူကို

ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပင်းတယမြို့
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့
လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်
လက်ခံစာတွဲ/မျှောစာတွဲ

MIC Agenda (ရင်းနှီး-၃)

ကော်မရှင်၏(၂၃/၂၀၁၆)ကြိမ်မြောက်

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Hlaing Htun Paing Co., Ltd. (လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်)သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်တွင် B.O.T စနစ်ဖြင့် ပင်းတယ ဟိုတယ် အဆောက်အဦအား အဆင့်တိုးမြှင့်တည်ဆောက်၍ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ

အထူးဖိတ်-

ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

အလုပ်အကိုင်အခွင့်အလမ်း

ပြည်တွင်း - ၈၁ ဦး
ပြည်ပ- မရှိ။

နောက်ဆက်တွဲ(ခ)

MB ၁၀၇၃
၇/၁၀

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝ၁၁/ MIC(OSS) /ဝ၁(၂၃၂ /၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၁-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက-၄/ မ-၁၅၆၁/ ၂၀၁၆(၉၀၂)

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင် ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ဆင်ခေါင်းရပ်၊ ဦးပိုင်အမှတ်(၄၊ ၅၊ ၇)၊ အကွက်အမှတ်(၂၆-ဆင်ခေါင်းအရှေ့ရပ်) မြေဧရိယာ ၁.၇၀၇ ဧကပေါ်ရှိ ပင်းတယဟိုတယ်အား လှိုင်ထွန်းပိုင် ကုမ္ပဏီလီမိတက်မှ ဟိုတယ်အဆောက်အဦးအား အဆင့်တိုးမြှင့် တည်ဆောက်ပြီး၊ B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါ သည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ် (၅၀) နှင့် သက်တမ်းတိုး (၁၀)နှစ် (၂) ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်မှုကာလမှာ (၂) နှစ် ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် မူလအဆောက်အဦးများနှင့် အိပ်ဆောင်များပြင်ဆင်မွမ်းမံခြင်း၊ ဒုတိယအဆင့်အနေဖြင့် Superior အိပ်ခန်း (၂၄)ခန်းနှင့် Suite ခန်း (၄)ခန်းပါ နှစ်ထပ်ခွဲအဆောက်အဦးသစ် (၁)လုံး တည်ဆောက်ခြင်း၊ ရေကူးကန်အသစ်တည်ဆောက်ခြင်း၊ အားကစားခန်းမ၊ အဝီစိတွင်းတူးခြင်းနှင့် Land Scaping များတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဟိုတယ်တွင် Delux Rooms (၁၄)ခန်းနှင့် Superior Room (၄၆)ခန်းစုစုပေါင်း (၆၀) ခန်း ပါဝင်မည်ဖြစ်ကြောင်း ၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် သာယာပျော်ရွှင်ရေး

အစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်မှုအစီအစဉ်များကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့်အသားတင်အမြတ်ငွေ၏ (၂%)ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် သန့်စင်ခန်းများ အလုံအလောက်ထားရှိခြင်း၊ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်မှ ဟိုတယ်လုပ်ငန်းများဆောင်ရွက်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်မြေတူးခြင်း၊မြေသားပြုပြင်ဖော်ထုတ်ခြင်းလုပ်ငန်းများမှ ထွက်ရှိလာမည့်မြေသားအမှုန်အမွှားများ၊ ဖုန်မှုန့်များကြောင့် ပတ်ဝန်းကျင်လေထုနှင့်မြေထုညစ်ညမ်းခြင်း၊ ဆောက်လုပ်ရေးအလုပ်သမားများ၏ စွန့်ပစ်အမှိုက်များ၊ စွန့်ပစ်ရေဆိုးများကြောင့်ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ဟိုတယ်လုပ်ငန်းများဆောင်ရွက်ချိန်တွင် စားသောက်ခန်းနှင့် မီးဖိုချောင်များမှ ထွက်ရှိလာမည့်စားကြွင်းစားကျန်များ၊ အမှိုက်သရိုက်များ၊ စွန့်ပစ်ရေဆိုးများကြောင့် ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထုညစ်ညမ်းခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ လှိုင်ထွန်းပိုင်ကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၁၈ - ဂ (အုပ်ချုပ်မှု)/နပတ/ ၃၀၃၀

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၈ ရက်။

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **နိုင်ငံပိုင်ငှားရမ်းထားသော ပင်းတယဟိုတယ်အား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီနှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။

(၁) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၂၂-၃-၂၀၁၆)ရက်စွဲပါ စာအမှတ် ၁၈-ဂ(အုပ်ချုပ်မှု)နပတ/၀၈၇၆

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇-၄-၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ရက-၉/၁/၂၀၁၆ (၁၀၉၂)

(၃) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ (၁၅-၉-၂၀၁၆) ရက်စွဲပါ စာအမှတ်၁၈-ဂ(အုပ်ချုပ်မှု)/နပတ/၂၃၅၀

(၄) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၉-၁၀-၂၀၁၆) ရက်စွဲပါ စာအမှတ်မရက-၄/မ-၁၅၆၁/၂၀၁၆(၉၇၁)

၁။ Hlaing Htun Paing Hotel & Services Co., Ltd မှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင်၊ ပင်းတယမြို့၊ ရှမ်းပြည်နယ်၊မြေဧရိယာ(၁.၇၀၇)ဧကပေါ်တွင် ပင်းတယဟိုတယ်အား နှစ်ရှည်ငှားရမ်းလုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်

ခွင့်ပြုပါရန်ဤဝန်ကြီးဌာနမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရည်ညွှန်း(၁)ပါစာဖြင့် တင်ပြခဲ့ပါသည်။

၂။ အဆိုပါတင်ပြခဲ့မှုအပေါ်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းအဆိုပြုလွှာတင်ပြပေးရန်ရည်ညွှန်း(၂)ပါစာဖြင့်ဤဝန်ကြီးဌာနသို့အကြောင်းကြားလာခဲ့ရာ ပင်းတယဟိုတယ်၏လုပ်ငန်းအဆိုပြုလွှာအား ရည်ညွှန်း(၃)ပါ စာဖြင့် တင်ပြပေးခဲ့ပါသည်။

၃။ အဆိုပါတင်ပြခဲ့မှုအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက်စိစစ်ဆေးရေးအဖွဲ့၏ (၃-၁၀-၂၀၁၆)ရက်နေ့တွင်ကျင်းပသော(၃၇/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီလိုအပ်ချက်များကို ပြည့်စုံစွာဆောင်ရွက်ပြီး ပြန်လည်တင်ပြပေးရန် ရည်ညွှန်း(၄)ပါစာဖြင့်အကြောင်းကြားလာခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ပင်းတယဟိုတယ်အဆောက်အဦအတွက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်လုပ်ငန်းအဆိုပြုချက်မှ လိုအပ်လျှက်ရှိသော အချက်အလက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်ပူးတွဲ ၍ပေးပို့တင်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ရည်မွန်၊အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
Hlaing Htun Paing Hotel & Services Co., Ltd
ရုံးလက်ခံ
မျှော